EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၈

ဇူလိုင် ၃ ရက်၊ ၂၀၁၈

## သတင်းဓာတ်ပုံ

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ ကတိကဝတ်ဖြစ်ခဲ့သော မေးခွန်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ထားရှိမှုအခြေအနေအား (၂၈-၆-၂၀၁၈)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့သည်။
(ကိုးကား- Sagaing Region Hluttaw)



# ရခိုင်ပြည်နယ် စီမံဘဏ္ဍာဝန်ကြီးကို စွပ်စွဲပြစ်တင်သည့် အဆို ရှုံးနိမ့်

**ဇွန် ၂၉၊ ၂၀၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းကို ဖြုတ်ချနိုင်ရေး စွပ်စွဲပြစ်တင်မှုများအား ပြည်နယ်လွှတ်တော်မှ မဲခွဲဆုံးဖြတ်ရာတွင် အောင်မြင်မှု မရရှိဘဲ ပြစ်တင်ခံရမှုများသည် မမှန်ကန်ဟု ဆုံးဖြတ်ခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့တွင် ပြုလုပ်သည့် ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အဆိုပါကိစ္စအား မဲခွဲဆုံးဖြတ်ရာတွင် မဲပေးပိုင်ခွင့်ရှိသူ ၄၆ ဦးတွင် တက်ရောက်သူ ၄၄ ဦးက မဲပေးခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးအား စွပ်စွဲမှုမှာ မှန်ကန်သည်ဟု ထောက်ခံမဲ ၂၅ မဲ၊ ကန့်ကွက်မဲ ၉ မဲ နှင့် ပယ်မဲ ၁၀ အသီးသီး ရရှိခဲ့ကြသည်။

မဲခွဲရာတွင် ပယ်မဲ ၁၀ မဲသည် တပ်မတော်ဘက်မှ မဲများဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးက မီဒီယာများသို့ ပြောသည်။

စွပ်စွဲပြစ်တင်မှုအဆို အောင်မြင်ရန်



ဇွန်လ ၂၉ ရက်နေ့ ပြည်နယ်လွှတ်တော် အစည်းဝေးတွင် တွေ့ရသည့် ဝန်ကြီး ဦးကျော်အေးသိန်း။ (ဓာတ်ပုံ - RiA)

သုံးပုံတစ်ပုံထောက်ခံမဲ ၃၁ မဲ မရရှိခဲ့သောကြောင့် စွပ်စွဲပြစ်တင်မှု မမြောက်ခဲ့ကြောင်း ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌက ပြောသည်။

ရခိုင်ပြည်နယ်လွှတ်တော်တွင် ရခိုင်အမျိုးသားပါတီ(ANP)မှ ကိုယ်စားလှယ် ၂၃ ဦးဖြင့် နေရာအများဆုံးရရှိပြီး ဒီချုပ်မှ ရှစ်ဦး၊ ပြည်ခိုင်ဖြိုးမှသုံးဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၁၂ ဦး ရှိသည်။

ဝန်ကြီးဦးကျော်အေးသိန်းသည် ဘဏ္ဍာရေး နှစ်အလိုက် ပြည်နယ်၏ ခွင့်ပြုရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် အညီဆောင်ရွက်နိုင်ခြင်းမရှိဟုဆိုကာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးက လက်မှတ်ရေးထိုး တိုင်ကြားချက်ဖြင့် ပြည်နယ်လွှတ်တော်တွင် စွပ်စွဲပြစ်တင်ခံခဲ့ရခြင်းဖြစ်သည်။

ယခု ဝန်ကြီးမတိုင်မီ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဟောင်း ဦးမင်းအောင်ကိုလည်း နိုင်ငံတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းမရှိဟုဆိုကာ ပြည်နယ်လွှတ်တော်ကအဆိုပြု မဲခွဲဆုံးဖြတ်ပြီး နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးရာထူးမှ ဖြုတ်ချခဲ့သည်။

**(ကိုးကား- မဇ္ဈိမ၊ 7daydaily)**

# မြေစွန့်လွှတ်လှူဒါန်းကြောင်း ခေါင်းစဉ်တပ်၍ တိုင်းအစိုးရက မြေသိမ်းခြင်းကို ဒေါ်စန္ဒာမင်း မေးခွန်းထုတ်

**ဇွန် ၂၂၊ ၂၀၁၈**

မြေစွန့်လွှတ်လှူဒါန်းကြောင်း ခေါင်းစဉ်တပ်၍ တောင်သူများထံမှ တိုင်းအစိုးရ မြေသိမ်းယူခြင်းမျိုးကို လွှတ်တော်က လက်မခံကြောင်း ဒေါ်စန္ဒာမင်းက ပြောကြားသည်။

ရန်ကုန်တိုင်းတွင် စီမံကိန်းပြုလုပ်ရန် မြေသိမ်းယူခြင်းကို မိမိပိုင်မြေ စွန့်လွှတ်လှူဒါန်းကြောင်းလက်မှတ်ရေးထိုးခိုင်းမှုများ ရှိနေခြင်းသည် လုပ်ထုံး၊ လုပ်နည်းနှင့် ညီ၊ မညီသိရှိလိုကြောင်း ဆိပ်ကြီးခနောင် တိုမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ဇွန်လ ၂၁ ရက် တိုင်းဒေသကြီးလွှတ်တော်၌ မေးခွန်းထုတ်သည်။

တိုင်းအစိုးရသည် လှိုင်သာယာမြို့နယ် အလယ်ရွာရှိ မြေ ၂၄၃ ဒသမ ၆၂ ဧကတွင် ကုန်း တွင်းဆိပ်တည်ဆောက်ရန် မြေသိမ်းဆည်းရာ၌ တောင်သူများကို မြေစွန့်လွှတ်လှူဒါန်းကြောင်း လက်မှတ်ရေးထိုးခိုင်းမှု ရှိသည်ဟု ၎င်းကဆိုသည်။

“ယနေ့ခေတ်အခါမှာ ရန်ကုန်မြို့လို နေရာကြီးမှာ မိမိ ပိုင်ဆိုင်ပြီး လုပ်ကိုင်နေတဲ့ မြေနေရာမှာ သဒ္ဓါတရားထက်သန်စွာနဲ့ အစိုးရကိုလှူတယ်ဆိုတာ သဘာဝကျပါသလား”ဟု ဒေါ်စန္ဒာမင်းက မေးခွန်းထုတ်သည်။



ဓာတ်ပုံ-Yangon Region Government

“မြေကိုသိမ်းယူရန်အတွက် လုပ်ထုံးလုပ်နည်း မှန်ကန်စွာနဲ့ မြေကိုသိမ်းယူတတ်ဖို့ လိုအပ်ပါတယ်။ ယခုလို မိမိပိုင်ဆိုင်တဲ့မြေကို စွန့်လွှတ်လှူဒါန်းတယ်လို့ ခေါင်းစဉ်တပ်ပြီးတော့ သိမ်းယူခြင်းမျိုးကို လွှတ်တော်က လက်မခံနိုင်ပါဘူး။ တကယ်လှူဒါန်းတယ်ဆိုရင် မည်သည့်လျော်ကြေးကိုမျှ ပေးလျော်စရာမလိုပါဘူး။ လှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာသာ ပေးရမှာဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

ရန်ကုန်တိုင်းအစိုးရသည် တောင်သူများပိုင်သည့်မြေမှ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်က စီမံကိန်းအတွက် သိမ်းယူပြီး ၂၀ ရာခိုင်နှုန်းကို အဆိုပါတောင်သူများအတွက် မြို့မြေအဖြစ် ပြောင်းလဲပေးအပ်သည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။ တောင်သူများအနေဖြင့် ၎င်းတို့ပိုင်သည့် လယ်မြေ၏ ၂၀ ရာခိုင်နှုန်းကို အခြားနည်း ပြောင်းလဲအသုံးပြုခွင့်ရသည့် မြို့မြေအဖြစ် ပိုင်ဆိုင်ခွင့်ရရှိမည်ကို နားလည်သဘောပေါက်သဖြင့် အစိုးရကို ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဆန္ဒဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

တိုင်းအစိုးရသည် စီမံကိန်းအတွက် မြေသိမ်းယူခြင်းကို ဥပဒေစည်းမျဉ်းသတ်မှတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးဟံထွန်း က ဆိုသည်။

**(ကိုးကား- 7daydaily)**

# တနင်္သာရီ အသေးစားငွေချေးလုပ်ငန်းဥပဒေကြမ်း အကြံပြုနိုင်

**ဇွန် ၂၈၊ ၂၀၁၈**

တနင်္သာရီတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေကြမ်းနှင့် ပတ်သက်သည့် အကြံပြုချက်များကို သတ်မှတ်ပုံစံတွင် ဖြည့်ကာ တိုင်းလွှတ်တော်ရုံးနှင့် ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့(DDA)ထံ ပေးပို့နိုင်ကြောင်း တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ထွေးက ပြောသည်။

အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို ခရိုင်မြို့ကြီးများတွင် ရှင်းလင်း ပွဲပြုလုပ်မည်ဖြစ်ပြီး ယင်းရှင်းလင်းပွဲများမပြီးဆုံးမီ ယင်းဥပဒေမူကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်လိုသည့် အကြံပြုချက်များကို ပေးပို့နိုင်ကြောင်း ဦးဗိုလ်ထွေးက ဆိုသည်။

“ဒါမှလည်း ဒီဥပဒေဟာ မိုးကျရွှေကိုယ်မဟုတ်ဘဲနဲ့ ငါတို့သိခဲ့ရတယ်၊ ပါဝင်ခဲ့ရတယ်ဆိုတဲ့ အခြေအနေမျိုး ယဉ်ကျေးမှုကို ကျွန်တော်တို့ ဖန်တီးယူခြင်းဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ ဥပဒေကြမ်းရှင်းလင်းပွဲကို ထားဝယ်မြို့တွင် ဇွန်လ ၂၂ ရက်က ကျင်းပခဲ့ပြီး မြိတ်မြို့နှင့်ကော့သောင်းမြို့တို့တွင် မည်သည့်အချိန်လုပ်ဆောင်မည်ကို မသိရသေးပေ။

ယင်းဥပဒေမူကြမ်းကို တိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ပြီး ဥပဒေအသက်ဝင်လာပါက ငွေချေးလုပ်ငန်းနှင့် ပတ်သက်သည့် ပြဿနာများလျော့နည်းလာမည်ဖြစ်ကြောင်း ဦးဗိုလ်ထွေးကဆိုသည်။ ယခုလွှတ်တော်သက်တမ်းအတွင်း လက်ရှိအချိန်ထိ ယစ်မျိုးခွန်ဥပဒေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ တိုင်းဒေသကြီးပြတိုက်နှင့် စာကြည့်တိုက်များ ဥပဒေစသည့် ဥပဒေပေါင်း ၁၂ ခုကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ထံမှ သိရသည်။

**(ကိုးကား- www.daweiwatch.com)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ အတည်ပြုပြဋ္ဌာန်း

**ဇွန် ၂၈၊ ၂၀၁၈**

အခန်း ၃၃ ခန်းနှင့် ပုဒ်မ ၃၉၈ ခု ပါဝင်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသစ်ကို ဇွန်လ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ အတည်ပြုခဲ့ပြီး ၂၈ ရက်နေ့တွင် တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

"ဒီဥပဒေဟာ အနာဂတ် မြန်မာနိုင်ငံရဲ့အရေးကြီးသော စီးပွားရေးမြို့တော်ကြီးကို မောင်း နှင်သွားမယ့် ဥပဒေဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အသစ်ပြဋ္ဌာန်းသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတွင် အစိုးရကခန့်ထားသည့် ကော်မတီဝင်ငါးဦး၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် ကော်မတီဝင်ခြောက်ဦး စုစုပေါင်း ၁၁ ဦး ရှိလာမည်ဖြစ်သည်။ ထူးခြားချက်အဖြစ် ဒုတိယမြို့တော်ဝန်အတွက် ပြည်သူလူထုက ရွေးချယ်ထားသည့် ကော်မတီဝင်ထဲမှတစ်ဦးကို ကော်မတီဝင် ၁၁ ဦးက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်မည်ဖြစ်သည်။ ဥပဒေသစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုနိုင်ရန်လည်း ပြဋ္ဌာန်းထား သည်။

ထို့အပြင် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးပိုင်းကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ထည့်သွင်းထားပြီး ပြစ်မှု၊ ပြစ်ဒဏ်ပိုင်းတွင် တာဝန်ပျက်ကွက်သည့် စည်ပင်ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ တည်ဆဲဥပဒေများဖြင့် အရေးယူမည့်အချက်များ ထည့်သွင်းထားသည်။

ယခင်က စည်ပင်သာယာ ရွေးကောက်ပွဲကျင်းပရာတွင် အိမ်ထောင်စု တစ်စုလျှင် တစ်ဦးသာ မဲပေးရပြီး ယခုဥပဒေသစ်၌ အသက်(၁၈)နှစ် ပြည့်ပြီး သူတိုင်း မဲပေးခွင့်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေကို ရေးဆွဲပြီးဖြစ်ကာ ရွေးကောက်ပွဲကိုလည်း အမြန်ဆုံးပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရွေးကောက်ပွဲများတွင်လည်း ကိုယ်စားလှယ်အဖြစ် အရွေးခံလိုသူများ အနေဖြင့် အသက် (၂၅) နှစ်ပြည့်ပြီးသူ၊ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ ရွေးကောက်တင်မြှောက်ခံရချိန်နှင့် တစ်ဆက်တည်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင် အနည်းဆုံးသုံးနှစ် အခြေချနေထိုင်သူ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲ နည်းဥပဒေတွင် သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံလျှင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အဆိုပါစည်ပင်သာယာရေးဥပဒေကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ပပညာရှင်များနှင့် ရက်ပေါင်း ၉၀ ကျော်ကြာ ပြင်ဆင်ပြီးနောက် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောသည်။

မူလကနဦးက တိုင်းဒေသကြီးအစိုးရမှတင်သွင်းသည့် ဥပဒေကြမ်းတွင် မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းများ၌ ဝင်ရောက်ရင်းနှီးမြုပ်နှံနိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သော်လည်း ယခုအတည်ပြုသည့်အခါတွင် အဆိုပါပြဋ္ဌာန်းချက်များပါဝင်သည့်အခန်း တစ်ခုလုံးကိုပယ်ဖျက်နိုင်ခဲ့သည်ဟု မင်္ဂလာတောင်ညွန့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးက ဆိုသည်။ အဆိုပါဥပဒေကို ၁၉၂၂ နှင့် ၂၀၁၃ မြူနီစီပယ်အက်ဥပဒေကိုအခြေခံ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီတို့ ပူးပေါင်းကာ အချိန်ယူပြင်ဆင် ရေးဆွဲခြင်းဖြစ်သည်။ **(ကိုးကား- မဇ္ဈိမ၊ 7daydaily)**

## ဘဏ္ဍာငွေကို လက်လွတ်စပယ်သုံးသော ကယားပြည်နယ်အစိုးရဟု လွှတ်တော်ကိုယ်စားလှယ်များဝေဖန်

**ဇွန် ၁၄၊ ၂၀၁၈**

ပစ္စည်းများဝယ်ယူခြင်းနှင့် လုပ်ငန်းများအတွက် ဘတ်ဂျက်လျာထားတောင်းခံရာ၌ စည်းစနစ်တကျမရှိသည့်အပြင် အသုံးစရိတ်များ ဖောင်းပွနေသည့် ကယားပြည်နယ်ယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးစီမံခန့်ခွဲသုံးစွဲနေမှုကို လွှတ်တော်ကိုယ်စားလှယ်များက အပြင်းအထန် ဝေဖန်လိုက်သည်။

ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာ၌ နမော်နမဲ့နိုင်သော ပြည်နယ်အစိုးရကို နောက်နောင်မပြုလုပ်ရန် ကယားပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်စဲရယ်က ၎င်းတို့၏အစီရင်ခံစာဖတ်ကြားရာတွင် ထည့်သွင်းသတိပေးလိုက်သည်။

ပြည်နယ်ရန်ပုံငွေတွင် ပါဝင်သည့်ဌာန ၂၃ ခု၏ ငွေစာရင်းကို စစ်ဆေးခဲ့ရာ ဌာနအလိုက် အသုံးစရိတ်သုံးစွဲမှုများ လွန်စွာကွာဟနေသည်ဟု အဆိုပါအစီရင်ခံစာက ဆိုသည်။

ကယားပြည်နယ်ကျေးလက်ဦးစီးဌာနမှ အဆိုပြုထားသော နန့်တဘက်ချောင်းစီမံကိန်းသည်လည်း စီမံကိန်းအကြီးစားဖြစ်သည့်အတွက် ပြည်ထောင်စုမှတာဝန်ယူရမည့် စီမံကိန်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့် တိုင်း/ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၃ တို့ကို ချိုးဖောက်ခဲ့ခြင်းကြောင့် ၎င်းကော်မတီမှ ကန့်ကွက်သည်။ ၎င်းစီမံကိန်းသည် ကျပ်သန်းပေါင်း ၄၃၀၀ အသုံးပြုမည့် စီမံကိန်းကြီးဖြစ်၍ ပြည်နယ်အဆင့်ဘတ်ဂျက်မှတောင်းခံခြင်းသည်ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်ဟု ဝေဖန်သည်။ ထို့ပြင် အဝေးပြေးကားဂိတ်လိုင်းပေါင်းစုံ မော်တော်ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် ကျပ်သန်းပေါင်း ၁၀၀၀ခန့် လျာထားသည့်ကိစ္စကိုလည်း ကော်မတီမှ စိစစ်လျှော့ချမည်ဖြစ်ဟု ဆိုသည်။

ကယားပြည်နယ်အစိုးရအဖွဲ့၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တင်ပြလာသည့် စက်ယန္တယားကိစ္စတွင် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် အစိုးရအဖွဲ့၏ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဝယ်ယူထားသည့် ဘတ်ဂျက်စာအုပ်၏ ပုံစံ ၁၂ တွင် စက်ယန္တယား ၁၀ စီး စာရင်းမတွေ့ရှိခြင်းသည် မရိုးသားသည့် လုပ်ဆောင်မှုဖြစ်ပြီး ဌာနပိုင်စာရင်းတွင်မဖော်ပြဘဲ ဖျောက်ထားခြင်းမှာ အဂတိလိုက်စားမှုဥပဒေနှင့် ငြိစွန်းနေသည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း(ခ)နော်အီး (ဖရူဆို-၂)က ပြောသည်။ ယင်းကို ပြည်နယ်စာရင်းစစ်ချုပ်မှ ထိထိရောက်ရောက် စစ်ဆေးဖော်ထုတ်ရန်လိုကြောင်း ၎င်းက တိုက်တွန်း သည်။

အစိုးရအဖွဲ့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တိတိကျကျလိုက်နာရန်လိုကြောင်း ဦးနော်အီးက အကြံပြုဆွေးနွေးသွားခဲ့သည်။ **(ကိုးကား- ကန္တာရဝတီတိုင်းမ်)**